gyoe.com

# ဒဂုန်တာရာ

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ ဒဂုန်တာရာ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၇၀ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဝတ္ထုတို ၅ ပုဒ်

## ဒဂုန်တာရာ

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# မာတိကာ



| | | |
|---|---|---|
| ၁။ | ချစ်ချစ် | ၁ |
| ၂။ | ရွှေ | ၁၅ |
| ၃။ | ဟိုတယ်မယ် | ၂၇ |
| ၄။ | ရေနံ့သူခိုး | ၄၆ |
| ၅။ | လန်ချားဝါလား | ၆၃ |


□

mgyoe.com

mgyoe.com

mgyoe.com




mgyoe.com

mgyoe.com


# ချစ်ချစ်

အငြိမ်းစား ဝန်ထောက်ကြီး၏သမီး ချစ်ချစ်သည် သူ၏အိမ်ဘေးမှ ထုတ်ထားသော ဆင်ဝင်လသာဆောင်တွင် ငေးမောကာတွေးလျက် ရှိသည်။ နေ့သည် ပူလောင်လျက်ရှိ၍ ခြင်ကောင်တို့သည် ခံရခက်လောက်အောင် ပျံဝဲ၍ နေကြသည်။ သည်အခါမျိုးတွင် မကြာမီသန်းလာတော့မည့် ညနေခင်းကို မျှော်ကာပျော်၍ နေမိသည်။ ညိုမည်းသော တိမ်တိုက်တို့သည် တောင်ဆီက လိပ်တက်၍ လာကြလေပြီ။ မိုးရိပ်မိုးငွေ့ကို သယ်ယူ၍ လာကြပေပြီ။

ချစ်ချစ်တို့အိမ်ကြီး၏ အောက်ထပ်တွင် တည်းခို၍နေသော ဆန်းသစ်ဦး ပြဇာတ်အဖွဲ့၏ မန်နေဂျာ ကိုသက်ထွန်းသည် လသာဆောင်၏ အရိပ်ရှိ ခုံတန်းလျားပေါ်တွင် မှီထိုင်နေရာမှ တောင်ဘက်သို့ လှမ်းကြည့်ရင်း စိတ်ပျက်နေသည်။

"ဟောဗျ... မိုးတွေညိုလာပြန်ပြီကော ချစ်ချစ်ရေ... ညနေတိုင်း မိုးချည်းရွာနေပါကလား။ ကျွန်တော်တော့ သေချင်လှပြီ။ ရှုံးလိုက်တာလည်း နေ့တိုင်းပဲ။

ကိုသက်ထွန်းသည် ချစ်ချစ်ဘက်သို့လှည့်ကာ လက်ကိုသာ

mgyoe.com

m.gyoe.com

တွင်တွင်ပွတ်ရင်း စိတ်ပျက်စွာ ပြောနေသည်။

"ကျွန်တော်တော့ ငိုချင်ပြီဗျ။ တစ်ညလုံးလည်း အိပ်မပျော်ဘူး။ စိတ်ကူးရတာလည်း ဦးနှောက်တွေ အရည်ပျော်ကျကုန်တော့မယ်။ ပရိသတ်က တယ်ပြီး ညံ့တာပဲ။ ကျွန်တော်လည်း အင်မတန်ကောင်းတဲ့ ဇာတ်ကွက်ဇာတ်လမ်း အင်မတန်ကောင်းတဲ့ တူရိယာအဖွဲ့ကို ပေးထားတာပဲ။ သူတို့က ဒါတွေကို ကြိုက်မယ်များထင်သလား။ ပရိသတ်က ဒါတွေကို အလိုမရှိဘူးဗျ။ သူတို့လိုချင်တာက လူပြက် ကောင်းကောင်းနဲ့ ညစ်ညမ်းကြမ်းတမ်းတဲ့ ပြက်လုံးပဲ။ ဥတုကိုလည်း ကြည့်ဦးလေ။ မနက်တော့ နေလေးပွင့်ပါရဲ့။ ညနေဆိုရင် မိုးရွာတာချည်းပဲ"

နောက်တစ်နေ့ညနေတွင်လည်း တောင်ဆီမှ မိုးကလေး ညို့တက်၍လာကာ တဖြန်းဖြန်း ရွာချလိုက်ပြန်သည်။ ကိုသက်ထွန်းကား မချိရယ် ရယ်မောပြန်လေသည်။

"အေး... ကိုရွှေမိုးရေ... ရွာပေဦးတော့... ရွာပေဦး။ ဥယျာဉ်တစ်ခုလုံး ရေလွှမ်းမိုးအောင် ရွာပြီး ကျုပ်ကိုသာ ရေထဲဆွဲနှစ်ကြပေတော့..."

နောက်တစ်နေ့ ကျပြန်တော့လည်း မိုးသည်းရွာချပြန်လေသည်။

ချစ်ချစ်သည် ကိုသက်ထွန်း ညည်းညူပြောပြသည်ကို ဣန္ဒြေမရသော ငြိမ်သက်ခြင်းဖြင့် နားထောင်ကာ တစ်ခါတစ်ရံ မျက်တောင်ပေါ်တွင် မျက်ရည်စကလေးများ ဥ၍ လာတတ်လေသည်။ နောက်ဆုံး၌ ကိုသက်ထွန်း၏ ခေသော ကံကြမ္မာသည် ချစ်ချစ်၏ စိတ်အား ထိခိုက်ကာ တဖြည်းဖြည်း ကရုဏာသက်ရာက ချစ်ခင်၍ လာလေတော့သည်။

ကိုသက်ထွန်းကား အရပ်မြင့်မြင့် ခပ်ပိန်ပိန်၊ အသားညိုညို၊ အမြဲတမ်း ဆံပင်ကောက်ကလေးများသည် နဖူးပေါ်တွင် ဝဲကျ၍ နေ

mgyoe.com

mgyoe.com


တတ်သည်။ မျက်နှာထားမှာ စိတ်ညစ်၍ နေသည့်ပမာ ခပ်ငိုင်ငိုင်နေသည်။ သို့သော် ချစ်ချစ်ကို ယုယချစ်ခင်ခြင်းကား ပြင်းပြလေးနက်လှသည်။

ချစ်ချစ်ကား တစ်ယောက်ယောက်ကို ချစ်မှ နေတတ်သည်။ ချစ်ရမည့်သူမရှိဘဲ သူမနေတတ်။ ငယ်စဉ်က သူ၏ပါပါကို ချစ်ခဲ့၏။ အိုမင်းနေပြီဖြစ်သော သူ၏ပါပါကား ယခုအခါ မှောင်ရိပ်သန်းလျက်ရှိတတ်သော အိမ်ဦးခန်းတွင် ထိုင်၍နေသည်။ မန္တလေးမှ တစ်နှစ်တစ်ခါ ရောက်လာလည်ပတ်လေ့ရှိသော ဒေါ်လေးကို ချစ်ခဲ့၏။ ကွန်ဗင့်ကျောင်းတွင် နေစဉ်ကလည်း ဆရာမကြီးဒိုရာကို ချစ်ခဲ့၏။ သူကား ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းပြေပြစ်၍ စိုစိုပြည်ပြည် ချစ်ဖွယ်သော အမူအရာရှိသည်။ ယဉ်ကျေးသိမ်မွေ့သည်။ သူ၏ နှင်းဆီရောင်ပါးအို့၊ ဝဲပျံ့ကာ ကစား၍နေလေ့ရှိသော ဆံယဉ်ဆံညွန့်၊ သန့်ရှင်းကြည်လင်သော အပြုံး စသည့် ချစ်ချစ်ကိုမြင်လျှင် မည်သူမျှ မချစ်ဘဲ မနေနိုင်ကြ။ သူ့ကိုတွေ့သော ယောကျ်ားတို့သည် "ချစ်စရာကောင်းလိုက်တာ" ဟု ကျူးရင့်ကြသည်။ မိန်းမများပင် သူနှင့် စကားပြောရလျှင် သူ၏ လက်ကလေးများကို ဆုပ်ကိုင်မိကာ "ချစ်ချစ် ချစ်ချစ်" ဟု တမ်းတစွဲလမ်းကြလေသည်။

သူနေသောအိမ်၏ တစ်ဖက်ကွင်းကြီးတွင် ပြဇာတ်ရုံရှိရာ လေသင့်၍လာလျှင် တီးသံမှုတ်သံများကို သဲ့သဲ့မျှ ကြားရပေသည်။ လက်ခုပ်သံရယ်မောသံတို့ကား တစ်ခါတစ်ရံမျှ ကြားရသည်။ ကိုသက်ထွန်းသည် အဆင့်အတန်းနိမ့်သော ပွဲကြည့်ပရိသတ်နှင့် နပန်းလုံးနေစဉ် ချစ်ချစ်မှာလည်း မအိပ်နိုင်ဘဲ ဒီညပွဲကြည့်သူမှ လာကြပါ့မလားဟု တထိတ်ထိတ်ရှိနေသည်။ နံနက်မိုးလင်း၍ ရုံမှ ကိုသက်ထွန်း ပြန်လာသောအခါ ပြတင်းတံခါးမှ ဇာခန်းဆီးကို အသာဖယ်ကာ ပြုံး၍ နှုတ်

mgyoe.com

mgyoe.com

ဆက်လိုက်သည်။

သို့နှင့် သူတို့နှစ်ယောက်သည် လက်ထပ်လိုက်ကြသည်။ နီးကပ်စွာ သူမ၏ နှင်းဆီပါးအို့ ကြည်လင်သော အပြုံးများနှင့် တွေ့ရသောအခါ ပို၍ပင် စွဲလမ်းကာ "ချစ်ချစ်… ချစ်ချစ်" ဟု ပါးစပ်ဖျားကလေးတွင် နားနေတော့သည်။

နှစ်ယောက်စလုံးပင် ပျော်ရွှင်ကြသည်။ ချစ်ချစ်ကား ရုံးမန်နေဂျာ၏ ရုံးခန်းတွင်ထိုင်ကာ စာရင်းအင်းများကို လုပ်နေတတ်သည်။ သူ၏ နှင်းဆီပါးအို့နှင့် ချိုမြသောအပြုံးကို လက်မှတ်ပေါက်ဝ၊ ဇာတ်ခုံနောက် စသည်တို့တွင် ရံဖန်ရံခါ တွေ့နိုင်ကြသည်။ သူသည် သူ့မိတ်ဆွေ အဖော်များအား လူ့ဘဝတွင် ပြဇာတ် သဘင်သည် အရေးကြီးကြောင်း၊ ပြဇာတ်ဖြင့် တကယ့်ယဉ်ကျေးမှုကို ခံစားသိမြင်နိုင်ကြောင်း စသည်တို့ကို ပြောသည်။

"ပွဲကြည့်ပရိသတ်ဟာ ဘာမှ နားမလည်ဘူး။ သူတို့က ပြက်လုံးကိုသာ မက်ကြတယ်။ သူတို့ဟာ အနုပညာကို မသိမြင်ကြဘူး"

ချစ်ချစ်သည် သူ့ယောက်ျား ကိုသက်ထွန်း၏ပြဇာတ်နှင့် ပတ်သက်သော အယူအဆကိုပင်လိုက်၍ ပဲ့တင်ထပ်ပြောသည်။ ဇာတ်တိုက်နေသည့်အခါ ဝင်၍ အကြံဉာဏ်ပေးတတ်သည်။ ဝေဖန်သည်။ စန္ဒရားဆရာ၏ တီးလုံးကိုလည်း နားထောင်ကာ ရှိနေရာမှ "ခုနစ်သံချီနဲ့ပေါ့ ဒါကအနွဲ့" စသည်ဖြင့် ဝင်ပြောသည်။ တီးဝိုင်းသမားများကလည်း သူ့ကို "ချစ်ချစ်… ချစ်ချစ်" ဟု ခေါ်ကြကာ ချစ်ကြသည်။ သူကလည်း ရင်းရင်းနှီးနှီး ပေါင်းသင်းသည်။ တစ်ခါက စန္ဒရားဆရာက ငွေချေးရာ ပြန်မပေးတော့ဘဲနေရာ သူ့ယောက်ျားကိုပင် အသိမပေးဘဲ နေရသည်။ နှလုံးကောင်း သဘောကောင်းချစ်ချစ်။

ဆောင်းတွင်းဘက် ရောက်လာသောအခါတွင်ကား ဆန်းသစ်ဦး

mgyoe.com

mgyoe.com

ပြဇာတ်အဖွဲ့သည် ရှမ်းပြည်ဘက်မှ လှည့်လည်ကာ အညာသို့ တက်သွားသည်။ ချစ်ချစ်ကား အရင်ကအရှုံးများကို ကာမိတော့မည် ဖြစ်သဖြင့် ဝမ်းမြောက်နေသည်။ ပြဇာတ်မှာ နာမည်ကြီး၍လာသည်။ သို့သော် ကိုသက်ထွန်း တစ်ခေါက်တစ်ခေါက်ပြန်လာသည့်အခါ ချောင်းတဟွတ်ဟွတ်ဆိုး၍နေသည်။

ထိုအခါမျိုးတွင် ချစ်ချစ်သည် ယူကလစ်တပ်အဆီကို လက်ကိုင်ပဝါဖြူတွင် ဆွတ်ပေးကာ ပျားရည် ဆားမီးဖုတ် ရှောက်သီးဆေးများကို လုပ်ပေးလေ့ရှိသည်။

"ချစ်ချစ်... ချစ်ချစ် ချစ်ချစ်ဟာ ကိုကို့ကို သိပ်ချစ်တာပဲနော်။ ချစ်ချစ်ဟာ သိပ်လိမ္မာတာပဲကွယ်"

ပွဲတို့ကား တစ်မြို့ပြီးတစ်မြို့ ဆက်နေသည်။ ချစ်ချစ်ကား ဟထားသော ပြတင်းမှ မြင်ရသော ကြယ်ကလေးများကို ငေးမောကာ အိပ်မပျော်နိုင်ရှာဘဲ ကိုသက်ထွန်းကို အောက်မေ့၍နေသည်။ တပေါင်းလ ညတစ်ည သန်းခေါင်ကျော်လောက်တွင် တံခါးခေါက်သံ ကြားရသည်။ ဥယျာဉ်တစ်ဖက် ခြံစည်းရိုးနားမှ ကြက်ကြီးသည် တွန်လိုက်သည်။ ချစ်ချစ်သည် ရင်တထိတ်ထိတ်နှင့် တံခါးဝသို့ ရောက်လာသည်။

"သံကြိုးစာပါတယ်" ဟု အပြင်ဘက်မှ အော်သံကြားရသည်။ ဟယ်... ကိုသက်ထွန်းတစ်ယောက် ကျန်းမာပါစေရှင်။

ချစ်ချစ်သည် တုန်ရီသောလက်ဖြင့် သံကြိုးစာကို ဖွင့်ဖတ်သည်။

"ကိုသက်ထွန်း တစ်နေ့ကဆုံးပြီ။ အသုဘအတွက် အမြန်လာပါ"

ကိုသက်ထွန်းကား မြစ်ကြီးနားမြို့တွင် ရုတ်တရက် သေဆုံးလေပြီ။

"ကိုသက်ထွန်းရေ... ချစ်ချစ်ကို ပစ်ထားရက်တော့မလား။ ချစ်

mgyoe.com

mgyoe.com


ချစ် ဘယ်လိုနေရပါ့မလဲ" ဟု ရှိုက်ကာ ငိုကြွေးရင်း အသံတိတ်သွား သည်။ နောက်တစ်နေ့တွင် ချစ်ချစ်သည် မြစ်ကြီးနားသို့ လိုက်သွားကာ အသုဘကိစ္စကို စီစဉ်ပြီးစီးခဲ့ပြီး ပြန်လာသည်။

ချစ်ချစ်၏ ရှိုက်သံငိုသံကို လမ်းပေါ်မှပင် သဲ့သဲ့ကြားရသည်။ ချစ်ချစ်၏ အိမ်နားနီးချင်း အပေါင်းအဖော်တို့ကား "သြော် ဖြစ်မှဖြစ်ရ လေချစ်ချစ်ရယ်" ဟု ချစ်ချစ်ကို သနားရှုနေကြသည်။

ချစ်ချစ်သည် မြို့အစွန်ရှိ ဥပုသ်ဇရပ်သို့ ဥပုသ်နေ့တိုင်း သွား ကာ ဥပုသ်ရက်ရှည်စောင့်လျက်ရှိသည်။ တစ်ဝါတွင်းလုံး တရားစာကို သာ ဖတ်၍နေသည်။ နောက်ဆုံး သီတင်းကျွတ်လပြည့်နေ့ညနေ ဇရပ်မှ ပြန်လာသောအခါ သူ့ဘေးတွင် သစ်ကုန်သည် ဦးကြာပွင့်လည်း လမ်း လျှောက်၍ စကားတပြောပြော ပါလာသည်။ ဦးကြာပွင့်ကား သူ့ထက် ၁၀ နှစ်ခန့်ကြီး၍ ဖျောင်းဖျောင်းဖျဖျ ပြောတတ်သည်။ တည်ကြည် ဖြောင့်မတ်သည်။ သူသည် ချစ်ချစ်ကို သနားလျက်ရှိသည်။ သူ၏ နှစ်သိမ့်သော စကားကြောင့် ချစ်ချစ်မှာ ပြုံးနိုင်လာသည်။ ဦးကြာပွင့် ကား အရွယ်တင်သူဖြစ်သည်။

စကားတပြောပြောနှင့် လျှောက်လာကြရင်း ချစ်ချစ် သူ့အိမ်ဝင်း ထဲသို့ ဝင်သွားသောအခါ ဦးကြာပွင့်နှင့်သူတို့သည် ပြုံး၍ နှုတ်ဆက် ကြကာ ဦးကြာပွင့်မှာ ဆက်၍ သူ့အိမ်သို့ ပြန်သွားသည်။

မကြာခဏ ချစ်ချစ်အိမ်သို့ ဦးကြာပွင့် လာလည်တတ်သည်။ ချစ်ချစ်သည် ကော်ဖီနှင့် ဧည့်ခံသည်။ ချစ်ချစ်ကလည်း သူ့ကို ချစ်ခင် လာသည်။ ဦးကြာပွင့်မှာ ပိုက်ဆံရှိသူဖြစ်၍ လိမ်လိမ်မာမာနှင့် ပစ္စည်း ကို ထိန်းသိမ်းမည့်သူ အိမ်သူသာ လိုနေသည်။ ရပ်ရွာဆွေမျိုးကလည်း သူတို့နှစ်ယောက်ကို သဘောတူကြလေရာ မကြာမီပင် မုဆိုးမ ချစ်ချစ် ကို သစ်ကုန်သည် ဦးကြာပွင့်က လက်ထပ်ယူလိုက်လေသည်။

mgyoe.com

mgyoe.com

မြို့အပြင်ရှိ ဦးကြာပွင့်၏ သစ်ဆိုင်တွင် နှင်းဆီပါးအို့နှင့် ချိုမြသော အပြုံးကို တွေ့မြင်ကြရပြန်ပေပြီ။ ချစ်ချစ်သည် ညနေစောင်းအထိ သစ်ဆိုင်အလုပ်ခန်းရှိ စားပွဲတွင် ထိုင်ကာ စာရင်းအင်းများကို ကြည့်ရှုမှတ်သားလျက်ရှိသည်။ ဦးကြာပွင့်မှာ ချစ်ချစ်ကို အင်မတန် မြတ်နိုးသည်။

"သစ်တွေက ရှားလာပြန်ပြီရှင့်။ ဈေးက အရင်ထက် ရာခိုင်နှုန်းနှစ်ဆယ်လောက် တက်နေတယ်။ ချစ်ချစ်တို့က သစ်ကောင်းမှ ထားတာရှင့်။ အခုလည်း ကိုကို ပျဉ်းမနားဘက် သွားပြန်ပြီ..." ဟု ချစ်ချစ်သည် သစ်ဝယ်သူ မိတ်များကို ပြောပြလေ့ရှိသည်။

ချစ်ချစ်ကား ရှေးအထက်ကျော်ကာရိကတည်းကပင် သစ်လုပ်ငန်းများ အလယ်တွင် မွေးဖွားလာသကဲ့သို့ပင် သစ်လုပ်ငန်းကို စိတ်ဝင်စားသည်။ လူ့ဘဝတွင် သစ်လုပ်ငန်းသည် အရေးကြီးလှသည်ဟု သူ အောက်မေ့သည်။ ထုပ်၊ လျောက်၊ ဒိုင်း၊ မြား၊ ဖြက်၊ ထု စသည်တို့တွင် နှောကျေ၍နေသည်။ တန်တွက်တွင် လျင်မြန်ဖျတ်လတ်လှသည်။

ညတွင် သစ်တောကြီးများအလယ်တွင် ရှင်ဘုရင်မ လုပ်နေရသည်ဟု အိပ်မက်မက်၍နေသည်။ သစ်ဆွဲသော ဆင်ကြီးက သူ့ကိုလိုက်၍ လန့်အော်လိုက်သည်။ ဦးကြာပွင့်က သူ၏တင်ပါးကို အသာပုတ်ကာ "ယောင်နေသလားချစ်ချစ်ရယ်" ဟု ယုယတတ်လေသည်။

သူ့ယောကျ်ား၏ အယူအဆသည် သူ၏အယူအဆပင်။ သူ့ယောကျ်ားက အိုက်သည်ဆိုလျှင် လိုက်၍အိုက်သည်။ ဦးကြာပွင့်သည် ပွဲလမ်းသဘင်ကို ကြိုက်သူမဟုတ်ပေ။ ချစ်ချစ်သည် ရုပ်ရှင်ဇာတ်ပွဲ တစ်ခါမျှ သွားမကြည့်။

"ချစ်ချစ်ရယ် အိမ်အောင်းလှချည်လား၊ ပွဲလေးဘာလေး တစ်ခါတလေ သွားကြည့်ပါဦးလား" ဟု မိတ်ဆွေများက ပြောသောအခါ

mgyoe.com

mgyoe.com

ချစ်ချစ် ပွဲမကြည့်ချင်ပါဘူးရှင်ဟု ပြန်ပြောလေသည်။

အလုပ်ပါးလပ်သော ညနေစောင်းများတွင် လင်မယားနှစ်ယောက် မြို့အပြင်ရှိ လယ်ကွင်းစပ်တွင် လမ်းလျှောက်ကာ လေညင်းခံသည်။ ရိုးပြတ်နံ့ လယ်မြေနံ့သည် သင်းမြလျက် ချစ်ချစ်၏ သရက်ထည် ပွင့်ရိုက်လုံချည်သည် တလွန့်လွန့် လွင့်ပါး၍နေသည်။ အိမ်ရောက်သောအခါ သံပရာဖျော်ရည်ကိုသောက်သည်။ နေ့လယ်တွင် အာလူးကက်တလိတ်၊ ကြက်ဥကြော်၊ ငါးမုန့် စသည်များ ကြော်လှော်စားလေ့ရှိသည်။

ဦးကြာပွင့် ပျဉ်းမနားသို့ ခရီးထွက်နေစဉ် နယ်လှည့်တိရစ္ဆာန်ဆရာဝန်တစ်ယောက်သည် သူ၏ အိမ်အောက်ထပ်တွင် ခေတ္တတည်းခို၍နေသည်။ သူ့နာမည်မှာ ကိုကျော့ရှင်းဖြစ်၍ လင်ယောက်ျား ခရီးထွက်ခိုက် ပျင်းနေသောချစ်ချစ်နှင့် စကားစမြည် ပြောဖော်ရသည်။ ကိုကျော့ရှင်းမှာ သူ့အပေါ် သစ္စာမရှိသော မယားနှင့် ကွဲနေသူ ဖြစ်၏။ သူတို့တွင် ကလေးတစ်ယောက်ရ၏။ သို့သော် မယားကို နည်းနည်းမျှ မပေါင်းချင်သဖြင့် ကလေးစရိတ်ပေးကာ ခပ်ဝေးဝေးကနေ၏။ သည်အကြောင်းများကို ကြားသောအခါ ချစ်ချစ်သည် သက်ပြင်းချကာ သူ့ကို သနားကြင်နာ၍နေသည်။

ကိုကျော့ရှင်း အိမ်မှ ထွက်ခွာမည်ပြုသောအခါ တံခါးဘောင်ကို ကိုင်ရင်း ပြုံးတဲ့၍ "ကိုကျော့ရှင်း ရှင့်မယားနဲ့ ပြန်ပေါင်းပါရှင်၊ ရှင့်သားလေးအတွက် ပြန်ပေါင်းပါ၊ ကလေးသနားပါတယ်"

ဦးကြာပွင့် ပြန်လာသောအခါ ကိုကျော့ရှင်း၏ စိတ်ညစ်ဖွယ်ကောင်းသော အိမ်ထောင်ရေးကို ပြောပြလေသည်။ ချစ်ချစ်ကဲ့သို့ပင် သူသည် သနားကြင်နာမိသည်။

သို့နှင့် ချစ်ချစ်တို့လင်မယားနှစ်ယောက်သည် သင့်တင့်ပျော်ရွှင်

mgyoe.com

mgyoe.com

စွာပင် ပေါင်းသင်းလာကြရာ ၆ နှစ်သို့ တိုင်လေပြီ။

တစ်ညတွင် သစ်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ အပြင်သို့ ဦးထုပ်ပင် မဆောင်းဘဲ ထွက်သွားရာ သန်းခေါင်လောက်မှ အိမ်ပြန်ရောက်သည်။ နတ်တော်လဖြစ်၍ ဆီးနှင်းတို့သည် ပိတ်ဆို့လျက်ရှိသည်။ သူသည် အအေးမိလာသည်။ ထိုအခါကစ၍ အအေးမိကာဖျားရာ ၃ လခန့် ဝေဒနာခံစားပြီး သေဆုံးသွားလေသည်။

ချစ်ချစ်ကား အသက် ၃၀ ကျော်တွင် မုဆိုးမဖြစ်ကျန်ရစ်ပြန်ပေပြီ။

လူအများကား "သြော်... ဖြစ်မှဖြစ်ရလေ ချစ်ချစ်ရယ်" ဟု မြည်တမ်းကြသည်။ နှလုံးကောင်း ချစ်ချစ်ကိုကား မည်သူမျှ မသနားဘဲ မနေကြ။

ပူအိုက်သော နေ့လယ်တစ်နေ့ခင်းတွင် ဥယျာဉ်ထဲရှိ သစ်ပင်ရိပ်အောက်တွင် ကွပ်ပျစ်ပေါ်တွင် ချစ်ချစ်သည် ခေတ္တတည်းခိုနေသော တိရစ္ဆာန်ဆေးကုဆရာဝန် ကိုကျော့ရှင်းနှင့် စကားစမြည် ပြောနေတတ်သည်ကို လမ်းမပေါ်မှ စောင်းငဲ့ကြည့်လျှင် မြင်ရပေသည်။ ကိုကျော့ရှင်းပြောသည်ကို စိတ်ဝင်စားစွာ နားထောင်နေသည်။

"ဟုတ်တယ်ရှင့်၊ မြို့နယ်မှာ တိရစ္ဆာန်တွေရဲ့ ကျန်းမာသန်စွမ်းမှုဟာ အရေးကြီးတာပဲရှင့်။ ချစ်ချစ်တို့ဖြင့် ကျွဲနာကျတာ၊ ကြက်နာကျတာ၊ ခဏခဏ ကြားရပါရဲ့။ ကျွဲနွားဟာ လယ်ယာစိုက်ပျိုးရေးအပြင် နွားနို့ကိုလည်း ပေးတာပဲမဟုတ်လားရှင့်။ လူကျန်းမာရေးလိုပဲ တိရစ္ဆာန်ကျန်းမာရေးကို ဂရုပြုဖို့သင့်တယ်"

ချစ်ချစ်၏ အယူအဆသည် ကိုကျော့ရှင်း၏ အယူအဆပင်။ ချစ်ချစ်ကား တစ်ယောက်ယောက်ကိုချစ်ရမှ နေတတ်သည်။ ချစ်ချစ်မှာ မေတ္တာ၏သရုပ်သဏ္ဌာန်ပင် ဖြစ်သည်။ လူတွေကလည်း ချစ်ချစ်

mgyoe.com

mgyoe.com


သဘောကို သိကြသည်။ ချစ်ချစ်သည် ချစ်ရမည့်လူမရှိလျှင် မနေဂတ်သည်ကို နားလည်သည်။ ချစ်ချစ်ကို မည်သူမှ မကဲ့ရဲ့ကြ။

ကိုကျော့ရှင်းနဲ့တွဲကာ ပျော်ရွှင်နေရာမှ မကြာခင် ကိုကျော့ရှင်းလည်း သူ့တာဝန်ကိစ္စနှင့် ထွက်ခွာသွားရာ ချစ်ချစ်မှာ အောက်မေ့၍ ကျန်ရစ်သည်။

ချစ်ချစ်၏ ဖခင်အိုကြီးမှာလည်း ကွယ်လွန်သည်မှာ ကြာပြီဖြစ်၍ သူထိုင်သော ပက်လက်ကုလားထိုင်မှာ ချောင်ထဲတွင် ဖုန်တက်၍ ပင့်ကူအိမ်တို့ဖြင့် ဖုံးလွှမ်းကာ ရှိလေပြီ။ ချစ်ချစ်မှာ ထမင်းချက်အဖော် မိန်းမကြီးနှင့် နေသည်။ ဥယျာဉ်ထဲရှိ အသီးအနှံမှရသော ဝင်ငွေဖြင့် ရိုးရိုးလေးနေသည်။

ချစ်ချစ်၏ဘဝမှာ တစ်မျိုး ပြောင်းလဲလာသည်။ ချစ်ချစ်၏ ရုပ်ရည်မှာ ကျ၍လာပြီ။ သူ၏အပြုံးမှာ ယခင်ကလောက် မတောက်ပတော့ပေ။ ပါးအို့၏ နှင်းဆီသွေးမှာ ပျက်ပြယ်လေပြီ။ "ချစ်ချစ် ချစ်ချစ်" ဟူသော ခေါ်သံသည် အရင်ကလောက် ကြားရဖန် မများတော့ပြီ။

နွေဦးပေါက်တွင် ချစ်ချစ်သည် ဝါးရုံပင်ဘေးရှိ မြက်ခင်းကလေးပေါ်တွင်ထိုင်ကာ တွေးတော ငေးမော၍နေသည်။ လေသည် ညှင်းညှင်းညံ့ညံ့တိုက်ကာ မွှေးမြသော ပန်းရနံ့ကို သယ်ယူလာသည်။ ငှက်ကလေးတို့သည် တေးသီ၍ နေကြသည်။ ချစ်ချစ်ကား အတိတ်ကို ပြန်၍ တရေးရေး အောက်မေ့လျက်ရှိသည်။ တစ်နှစ်–နှစ်နှစ်–သုံးနှစ်–လေး။

တစ်ညနေတွင် ဝင်းထဲသို့ မြင်းလှည်းတစ်စီး ချူသံတတင်တင်နှင့် ဝင်လာသည်။ ဘယ်သူများလဲဟု ကြည့်နေစဉ် မြင်းလှည်းထဲမှ လူတစ်ယောက် ဆင်းလာကာ သူ့အိမ်ပေါက်ဝသို့ လာရပ်သည်။ ဩ... ကိုကျော့ရှင်း...

ချစ်ချစ်သည် အပြေးကလေးလာကာ နှုတ်ဆက်သည်။

mgyoe.com

mgyoe.com


"ကိုကျော့ရှင်း ဘယ်တုန်းက ရောက်သလဲ" အားရဝမ်းသာ နှုတ်ဆက်သည်။

"ကိုကျော့ရှင်း အလုပ်ကထွက်လိုက်ပြီ။ စုထားတဲ့ငွေလေးနဲ့ ရောင်းရေးဝယ်တာလုပ်ပြီး အေးအေးဆေးဆေးနေတော့မယ် စိတ်ကူး တယ်။ ကိုကျော့ရှင်းမိန်းမနဲ့လည်း ပြန်ပေါင်းပြီ။ ကလေးလည်း ကျောင်း ထားရဦးမယ်။ ကလေးလည်းပါလာတယ် ချစ်ချစ်ရဲ့၊ အားလုံးပဲ"

"နို့... သူတို့ကော"

"ထမင်းဆိုင်မှာ ခဏထားပစ်ခဲ့တယ်။ နေဖို့အိမ်လိုချင်တယ်။ ချစ်ချစ်ရဲ့၊ ချစ်ချစ်တို့နဲ့လည်း မနီးမဝေး အိမ်ရှာပေးစမ်းပါ"

"အမယ်လေး ကိုကျော့ရှင်းရယ်၊ ချစ်ချစ်တို့အိမ် အောက်ထပ် တစ်ထပ်လုံး အားပါတယ်ရှင်။ ဘယ်သူမှရှိတာလိုက်လို့၊ လာနေပါ။ တစ်သက်လုံးနေပါ။ ချစ်ချစ် အိမ်လခ မယူပါဘူး။"

မကြာခင် ချစ်ချစ်တို့ အိမ်အောက်ထပ်သို့ ကိုကျော့ရှင်းတို့ လင်မယားနှင့် ကလေးအပါပါ ပြောင်းရွှေ့လာကြသည်။ ကိုကျော့ရှင်း၏ မိန်းမ မခင်မှီမှာ ပိန်ပိန်သေးသေး၊ စကားနည်းသည်၊ ဟာသမရှိ။

အပါကား ၉ နှစ်သားခန့်ရှိ၍ ဖြူဖြူထွားထွား ချစ်စရာကောင်း သည်။ အပါသည် ကြောင်နက်ကလေးကို ပွေး၍ ပွေ့ယူကာ "အန်တီ လေး ဒါ အန်တီလေး ပူစီလား၊ အပါ့ကို ခဏငှားပါနော်" ဟု ချစ်ချစ် အား သွက်လက်စွာ မေးနေသည်။

ချစ်ချစ်ကား ပြုံးပြီး "ငှားတာပေါ့ကွယ်"

ယခင်က တိတ်ဆိတ်ခြောက်သွေ့သော အိမ်ကြီးသည် ရယ်သံ မောသံတို့ဖြင့် ဆူညံကာ အသက်ဝင်လာလေပြီ။ ချစ်ချစ်တွင် ချစ်ရမည့် သူ ရလေပြီ။ ချစ်ချစ်၏ နှင်းဆီပါးအို့သည် နီရဲ၍လာလေပြီ။ အပြုံးသည် ငယ်စဉ်ကလိုပင် ချိုမြကြည်လင်၍ လာလေပြီ။

mgyoe.com

mgyoe.com


အပါက ချစ်ချစ်ကို အန်တီလေးဟု မခေါ်တော့ဘဲ အများခေါ်သလိုပင် "ချစ်ချစ်... ချစ်ချစ်" ဟု တတွတ်တွတ် ခေါ်လေသည်။ ည အပါစာအံချိန်တွင် ချစ်ချစ်လည်း သူ့အပါးတွင်လာကာ အရိပ်တကြည့်ကြည့်နှင့် ရှိနေသည်။ စာပြပေးသည်။ ချစ်ချစ်မှာလည်း ယခင်ကလို သူများ၏ အယူအဆကိုလိုက်၍ မပြောတော့ဘဲ သူ့ကိုယ်ပိုင်အယူအဆ အတွေးနှင့် ရှိနေပြီ။

ကိုကျော့ရှင်းနှင့် မခင်မှိမှာ မကြာခဏ ရန်ဖြစ်ပြီး ၉ လခန့် ကြာသောအခါ မခင်မှိသည် သူ့အမေရှိရာ လားရှိုးသွား၍ နောက်ပြန် မလာတော့ပေ။ ချစ်ချစ်ကား အပါ၏ ဝေယျာဝစ္စအားလုံးကို ဆောင်ရွက်လေသည်။

အပါ ကျောင်းသွားသောအခါ ချစ်ချစ်သည် ကျောင်းအထိ ကိုယ်တိုင် လိုက်ပို့လေသည်။ ကျောင်းဝင်းပေါက်သို့ ရောက်သောအခါ အပါက "ချစ်ချစ် ပြန်တော့လေ။ အပါ ကျောင်းခန်းထဲ ဝင်တော့မယ်" ဟု လွယ်အိတ်ကို မရင်း ပြောသည်။ ချစ်ချစ်သည် အပါ စာသင်ခန်းထဲသို့ ဝင်သွားသည်အထိ လှမ်းကြည့်နေပြီး လူစလူနကို လုံးလုံးမမြင်ရတော့မှ လှည့်ပြန်ခဲ့လေသည်။

ဤမျှ ချစ်ချစ်သည် အပါကို ချစ်ခင်ရှာသည်။ ချစ်ချစ်၏ အပြုံးသည် ခါတိုင်းလိုပင် တောက်ပ၍လာကာ ထင်ပေါ်ကျော်စော၍လာသည်။ အရွယ်လည်း ပြန်၍ နုပျိုလာသည်။ ချစ်ချစ်သည် အပါ ပြောပြတတ်သော ကျောင်းစာ အိမ်အလုပ်၊ ကျောင်းဆရာ၊ သင်ခန်းစာများ အကြောင်းကိုသာ ထပ်၍ လိုက်ပြောနေလေပြီ။

ညနေ ၅ နာရီလောက်တွင် ချစ်ချစ်သည် အပါနှင့်အတူ ထမင်းစားသည်။ ချစ်ချစ်က ငါးအရိုးထွင်ပေးနေသည်။ ညဦးဦးတွင် မိုးတစိမ့်စိမ့်ရွာနေသဖြင့် အိပ်ရာသို့ အစောကြီး ဝင်ကြသည်။ အပါကို အိပ်ရာထဲ

mgyoe.com

mgyoe.com


တွင် ထားခဲ့ပြီး ချစ်ချစ်သည် သူ့အိပ်ခန်းတွင် လဲလျောင်း၍နေသည်။ ညဦးဦး၏ မိုးပေါက်သံသည် ကလေးချော့သီချင်းလို ညည်း၍ သိပ်ပေးလေရာ မှေးမှေးမှေးမှေးနှင့် အိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် အပါ၏ အနာဂတ်ကိုတွေးကာ ပူပန်လျက်ရှိသည်။ အပါသည် ဆရာဝန် သို့မဟုတ် အင်ဂျင်နီယာကြီးဖြစ်ပြီး မိန်းမတစ်ယောက်ယောက်ကို လက်ထပ်ယူနောက် မိန်းမရှိရာသို့ လိုက်သွား... မျက်ရည်ဥကလေးများသည် ပါးပေါ်မှ လိမ့်ဆင်း၍ ကျလာသည်။ သူ့ဘေးတွင် အိပ်နေသော ကြောင်နက်ကလေးသည် မျက်ရည်စကိုမြင်၍ ညောင်ညောင်လို့အော်ကာ သူ၏ လက်မောင်းအိုးကြားတွင် ဝင်တိုးလိုက်သည်။

ထိုအခါမျိုးတွင် တံခါးခေါက်သံ ကြားလိုက်ရသည်။ ချစ်ချစ်၏ ရင်သည် တဒိတ်ဒိတ်ခုန်လေသည်။ ဘယ်လူများပါလိမ့်ကွယ်။ မခင်မှိဆိကများ အပါကို သူ့ဆီလွှတ်လိုက်ဖို့ သံကြိုးစာများ လာပေးတာများလား။ မဟုတ်ပါစေနဲ့၊ မဟုတ်ပါစေနဲ့၊ သံကြိုးစာမဟုတ်ပါစေနဲ့ရှင်။

နောက် အတော်ကြာသောအခါ ခပ်ပြင်းပြင်း တံခါးခေါက်သံကို ကြားပြန်သည်။ ချစ်ချစ်သည် ခေါင်းနားပန်း ကြီးသွားသည်။ ခြေဖျားလက်ဖျားပင် အေးလာသည်။ သူသည် နားကိုစွင့်၍ ရင်တဖိုဖိုနှင့် ရှိနေသည်။ စကားပြောသံများကို ကြားရသည်။ အလုပ်မှ ညဉ့်နက်ပြန်လာသော ကိုကျော့ရှင်း။

"ဘုရားသိကြားမလို့..." ဟု ချစ်ချစ်သည် ရေရွတ်လိုက်မိသည်။

ချစ်ချစ်၏ နှလုံးထဲတွင် အလေးတစ်ခု ပြုတ်ကျသွားကာ အခန်းဝမှ အိပ်ရာဆီသို့ ပြန်လာကာ တစ်ဖက်ခန်းတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ရှိသော အပါလေးကိုသာ ဆက်လက်၍ တွေးနေပြန်သည်။

အပါလေး သည့်ထက် အသက်ကြီးမလာရင် ကောင်းမှာပဲနော်။

❐

mgyoe.com

mgyoe.com




mgyoe.com

 mgyoe.com 

# ရွှေ

"အေး… ဆိုးပေကွဲ့နော်…"

ဇာဖြူစကလေး ရှော့တိရှော့ရဲ တင်ထားသော မှန်ကို ခပ်ငေးငေး ကြည့်ကာ အလှပြင်နေသူ လီလီသည် ရုတ်တရက် အခန်းပြတင်းပေါက်မှ ပေါ်လာသောအသံကြောင့် တို့နေသော နှုတ်ခမ်းဆိုးဆေးတောင့်ကိုပင် တုံ့လိုက်မိလေသည်။

"ကိုယ်ဖြင့် လန့်သွားတာပဲကွယ်… မြိုင်ကလည်း ဝင်လေ အထဲကို" ဟု လီလီသည် လူကို လှည့်မကြည့်ဘဲ မှန်ကိုသာ စိုက်ကာ နှုတ်ခမ်းဆိုးဆေးကို လှိမ့်တို့ရင်း ပြောလိုက်သည်။

"လီလီက ဒီကနေ့ သိပ်သနေတာကို၊ ဒါမှ အဆက်ကကျွမှာကို… ဟုတ်လား…"

မြိုင်သည် ပြောရင်းဝင်လာကာ လီလီ၏ ခုတင်ပေါ်သို့ ပစ်ထိုင်ချလိုက်ပြီး လီလီကိုသာ ပြုံးလျက်ရှိနေသည်။

လီလီကား မြိုင် နောက်သည်ကို သိသော်လည်း ရင်ထဲကမူ တဒိတ်ဒိတ် ခုန်မိလေသည်။ အဘယ်ကြောင့်ဆိုသော် သည်ကနေ့ပင် သူနှင့် စေ့စပ်သည်ဆိုသော ဆရာဖြစ်သင်ကောလိပ်မှ ပန်းချီကထိက

mgyoe.com

mgyoe.com


ကိုလှကြည်နှင့် တွေ့ရမည်။

တကယ်ဆိုတော့ အင်းလျားကျောင်းသူ လီလီနှင့် ကိုလှကြည်မှာ နီးလျက်နှင့် မသိဘဲ ရှိနေကြသည်။ အင်းလျားကန်ပေါ်မှ ချိတ်ခိုနေသော ငွေလရောင်သည် တက္ကသိုလ်ရိပ်သာလမ်းကိုဖြတ်ကာ ဆရာဖြစ်သင် ကောလိပ်ဝင်းထဲသို့ ယှက်ဖြာကျနေတတ်သည်။

လီလီ၏မိဘနှင့် ကိုလှကြည်၏မိဘများမှာ သိကျွမ်းကြရာ သူတို့နှစ်ယောက်ကို စေ့စပ်လိုကြသည်။ သို့ဖြစ်ရာ သူတို့နှစ်ယောက်စလုံးနှင့်သိသော အင်းစိန်ရှိ မမသန်းက တနင်္ဂနွေနေ့တွင် လာလည်ကာ ထမင်းစားရန် ဖိတ်ခေါ်ထားလေသည်။ တစ်ယောက်နှင့်တစ်ယောက် တစ်ခါမျှ မမြင်ဖူးကြ။ နာမည်သာ ကြားဖူးကြသည်။ ယခု မမသန်းအိမ်တွင် ဆုံတွေ့ရရပေတော့မည်။

ဒါကိုသိ၍ အခန်းချင်းကပ်နေသော မြိုင်က လီလီကို နောက်နေသည်။

"ပါးကော မဆိုးဘူးလား... ဆံပင်အမောက် နည်းနည်းပြားနေတယ်... ဖွာရရာဖြစ်အောင် ဖွလိုက်ဦးလေ..."

"အို... မြိုင်ကလည်းကွယ်..."

လီလီမှာ ရှက်နေသည်။

"အဆက်က ပန်းချီအနုပညာဆရာဆိုတော့ လှမှကွဲ့၊ ဆံပင်လွှင့်တာကိုက ကနေရမယ်... မျက်လုံးကလေးကိုရီ၊ ပါးလေးကို တွန့်လိုက်ပြီး ပြုံးလိုက်ပုံကိုက ကဗျာဆန်ရမယ်..."

"အို... မြိုင်က တော်တော့ကွယ်... ကိုယ်ဖြင့် ဘာမှမလုပ်တတ်တော့ဘူး..."

လီလီမှာ လက်တုန်နေသဖြင့် လက်သည်းကို မကြာခဏဖျက်ကာ ဆိုးနေသည်။ မြိုင်မှာ သဘောကျပြီး အတွင်းသာ ရယ်ရယ်မောနေသည်။

mgyoe.com

 mgyoe.com


အတန်ကြာသောအခါ မြို့င်သည် မှန်ရှေ့တွင်ရပ်နေသော လီလီ အပါးကပ်ကာ "ကိုယ်တော့ – ပွန်း၁် – ပေါင်ဒါဟာ သင်းပျံ့ပျံ့မွှေး မှန်း ခုမှသိတော့တယ်ဆရာ" ဟု နှာခေါင်းကို ရှုရှိုက်ရင်း ပြောလိုက် လေသည်။

ဆရာဖြစ်သင် ကောလိပ်ကျောင်းဝင်းတံခါးမှ ပြေးထွက်လာကာ ကိုလှကြည်သည် "အင်းစိန် အင်းစိန်" ဟု အော်နေသော ဘတ်စ်ကား ကို လက်ပြရပ်ခိုင်းလိုက်သည်။

ကမန်းကတန်း ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်လိုက်ကာ သက်ပြင်း ချလိုက်သည်။ စိတ်ထဲကမူကား "မမသန်းကြီးကတော့ ကြိမ်းတော့မှာပဲ သူမှာတာက ၁၀ နာရီ၊ အခု ခွဲတောင်နေပြီ" ဟု တတွတ်တွတ် ရွတ်နေမိသည်။ သူသည် ရေချိုးခါနီးမှ ဆံပင်ရှည်သည်ကို သတိရကာ ဆံပင်ညှပ်နေသဖြင့် နောက်ကျသွားခြင်းဖြစ်သည်။

ဆံပင်ညှပ်ရင်းလည်း စိတ်ထဲတွင် လှုပ်ရှားလျက် ရှိနေခဲ့သည်။ သူနဲ့တွေ့ရမယ်ဆိုတာနဲ့ ဆံပင်ညှပ်တယ်ဆိုတော့ သိပ်များ သိသာနေ မလား။ ခက်တာက မမသန်းက နောက်မှာ စိုးရတယ်။ သူက အင်မတန် မြင်ကမြင်တတ်ပါဘိသနဲ့။ ဆံပင်ညှပ်တာက လတ်လတ်ဆတ်ဆတ်မို့ သိတော့မှာပဲ...

ကိုလှကြည်သည် တရိပ်ရိပ်ပြေးနေသော ကားအရှိန်တွင်ပင် လည်ကုပ်ကို အသာစမ်းရာ ဆံပင်စကလေး ကပ်ပါလာသည်။ သူသည် လန့်သွားသည်။ ဘတ်စ်ကားသည် ကမာရွတ်တံတားခုံးဝယ် တစ်ချက် ယိမ်းနဲ့ကာ ဝေါခနဲ ဖြတ်လိုက်သည်။

ကောင်မကလေးက ဘယ်လိုများနေပါလိမ့်။ မန္တလေးကျောင်း ထွက်မို့ မန်းဆန်ဆန် ယဉ်ယဉ်လေးလား။ ဒါမှမဟုတ် နှုတ်ခမ်းနီပါးနီ ရဲရဲနဲ့ ခပ်ကြွကြွ ပျံပျံမျိုးလား။ ကိုယ်လုံးကိုယ်ပေါက်တောင့်တောင့်၊

mgyoe.com

mgyoe.com


ရင်ပေါ်ပေါ် တမင်လုပ်တဲ့ တဏှာကြည့်နဲ့ အမေရိကန်ဆန်ဆန်လား၊ မမသန်းစာထဲမှာတော့ "မင်းနဲ့ စပ်ထားတဲ့ အပျိုချောကလေးကလည်း ကြည့်ရင်း ထမင်းစားလာ" တဲ့။ ချောတော့ ချောမှာပါပဲ ထင်ပါရဲ့..."

ကမာရွတ် သားရေစက်အလွန် ချိုင့်တစ်ခုကိုအဖြတ် ကားသည် ဆောင့်ခုန်လိုက်ရာ နဂိုက တဒိတ်ဒိတ်နေသော ရင်သည် ခဏချင်း သိပ်လှုပ်လာ၍ အသာငြိမ်နေလိုက်ရသည်။

နောက်တွင် တဝေ့ဝေ့ ကျန်ရစ်ခဲ့သော စိမ်းညိုပြာနီသည့် လမ်းရှုခင်းများကို ငေးကြည့်ရင်း မျက်စိထဲတွင်ကား မပီသသော ရုပ်ပုံလွှာ ကားချပ်ကလေးများတို့သည် ပန်းစကြာ မှန်ပြောင်းလို ရှန်းရင်းဆန်ခတ် ကစားနေလေသည်။ တွေ့ရင် ဘာများ ပြောရပါလိမ့် ပီကာဆိုရဲ့ အနုပညာနဲ့ ဒါလီရဲ့ ချောက်အိပ်မက်ပန်းချီကိုပဲ ယှဉ်ပြီး ဝေဖန်ချက် ပေးရမလား။ ဒါမှမဟုတ် ဂိုဂင်ရဲ့ အပူပိုင်းဒေသ အဝါရောင်ကို ချီးကျူးရ မလား။

သို့ တထိတ်ထိတ်နှင့်ပင် အင်းစိန်ရှိ မမသန်းတို့ အိမ်ဝင်းထဲသို့ ရောက်လာလေပြီ။ သူသည် ဆင်ဝင်အောက်သို့ ရုပ်မိလျှင် ရုပ်မိချင်း ရင်ထဲတွင် ဖိုလှိုက်လာသည်။ ဧည့်ခန်းဘက်တွင် တိမ်ပြာရောင် ယှက်သန်းနေသည်။ သူရောက်နှင့်နေပြီထင်တယ်။

မမသန်း၏ ရယ်သံသည် ဧည့်ခန်းမှ လျှံထွက်လာသည်။ ကိုလှကြည်သည် ခြေသံပေးကာ တံခါးဝသို့ ရောက်လာပြီး ကိုင်ထားသော ထီးကို ဟိုထားရတော့မလို၊ ဒီထားရတော့မလိုနှင့် ခပ်ယောင်ယောင် ဖြစ်နေသည်။

ဧည့်ခန်းမှ မမသန်းက လှမ်းမြင်လိုက်၍ "ဟော့... မောင်လှကြည် ဒီလာဟော့" ဟု ခေါ်လိုက်သည်။

သို့သော် ကိုလှကြည်ကား ထီးထားစရာနေရာ ရှာနေစဉ်ပင်

mgyoe.com